AMATA

HOLDING
PUBLIC CO., LTD.

**Press release** **Date: 6th January 2021**

We, Amata Holding Public Co., Ltd, are pleased to announce that listing approval has been received from the Yangon Stock Exchange ("YSX") on 28th December, 2020, and become the First Hotel & Tourism Company to be listed in Yangon Stock Exchange. This press release come at a time during a covid period so we will be making further announcement to investors for Listing Date (Trading starts date) and Base Price.

On behalf of shareholders, we express special thanks to Securities and Exchange Commission of Myanmar (SECM) and Yangon Stock Exchange (YSX) for permitting to join the YSX after meeting YSX's listing criteria and a thorough scrutiny process.

**AMATA Company Profile**

Amata Holding was incorporated on 27 June 2017 in Myanmar under the Companies Act as a public limited company under the name of Amata Holding Public Company Limited. In 1993, the Group started operations with the incorporation of United International Group Limited which was primarily focused on the management and operations of resorts and restaurants under the "Amata" brand. We are a leading manager and developer of mid to premium resorts, hotels, restaurant and spas in Myanmar.

The Company's vision is to be the leading Hotel & Tourism Group in Myanmar and developing hotels not only in a must-visit destination as Ngapali Beach, Bagan and Inle Lake also in many other potential destinations for tourism development in other parts of Myanmar are in the right type of hotel with significant growth is underway with brands. Amata Resort (Ngapali Beach) was the first resort under the "Amata" brand and it began operations in 2003. Thereafter the Group expanded in 2011 and "My Bagan Residence" started operations in Bagan. Leveraging on the success of its first two resorts, the Group set up Amata Garden Resort in Inle Lake in 2013.In addition, the group had added 93 rooms in 2018 to Amata Garden Resort (Inle Lake) and Amata Garden Resort (Bagan) was opened in Bagan in 2017 with the loan program of IFC (International Financial Corporation). The Group decided to diversify its business and expanded into the business of operating hot air balloons under the Oriental Ballooning Service in 2013 through Myanmar Ballooning Co., Ltd. My Hpa An Residence by Amata, the latest addition to our hotel and resort portfolio, first opened its door to guests in October, 2019.

Amata Holding Public Co., Ltd.

Win Aung
Managing Director
Amata Holding Public Co., Ltd.

**Amata Holding Public Co., Ltd**
No. 10, Inya Yeikthar St, Mayangone Township, Yangon, Myanmar
**Tel** : +95 9 899044077,899044088, 899044099 **Mail** : info@amataholding.com
**Web** : www.amatahotelgroup.com **Fax** : +95 1 657690

AMATA

HOLDING
PUBLIC CO., LTD.

Date : 6th January 2021

## သတင်းထုတ်ပြန်ချက်

ကျွန်ုပ်တို့ Amata Holding Public Company Ltd သည် ၂၀၂၀၊ ဒီဇင်ဘာ ၂၈ ရက် တွင် ရန်ကုန်စတော့အိတ်ချိန်း(YSX) မှ ခွင့်ပြုချက်ကိုရရှိပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမဆုံး အနေဖြင့် စာရင်းဝင်မည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကုမ္ပဏီဖြစ်လာကြောင်း ဝမ်းမြောက်စွာဖြင့် ကြေငြာအပ်ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်သည် ကိုဗစ်ကပ် ရောဂါ ကာလအတွင်း ထွက်ပေါ်လာသည့် အတွက် ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံသူများအား Listing Date (Trading စတင်မည့်ရက်) နှင့် Base Price အတွက်ကို ထပ်မံကြေငြာပေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်(SECM) နှင့် ရန်ကုန် စတော့အိတ်ချိန်း (YSX) တို့အား YSX ၏ စာရင်းဝင်ရန် စံသတ်မှတ်ချက်များနှင့်အညီ စေ့စပ်သော စိစစ်မှုများ ပြုလုပ်ပြီး ယုံကြည်စိတ်ချစွာဖြင့် စာရင်းဝင်ခွင့်ပြုခဲ့သည့်အတွက် အစုရှယ်ယာရှင်များ၏ ကိုယ်စား ကုမ္ပဏီမှ အထူးကျေးဇူးတင်ရှိပါသည်။

## ကုမ္ပဏီသမိုင်းကြောင်း

Amata Holding သည် အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Amata Holding Public Company Limited) အမည်ဖြင့် ကုမ္ပဏီများအက်ဥပဒေနှင့်အညီ အများနှင့် သက်ဆိုင်သောကုမ္ပဏီ အဖြစ် ၂၀၁၇ ခုနှစ် ဇွန်လ၂၇ ရက်နေ့ ရက်စွဲဖြင့် မြန်မာနိုင်ငံ၌ ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီသည် ၁၉၉၃ခုနှစ် တွင် ယူနိုက်တက်အပြည်ပြည်ဆိုင်ရာ အုပ်စု လီမိတက်လီမိတက် (United International Group Limited) ကို စတင်တည်ထောင်ခဲ့ပြီး Amata အမှတ်တံဆိပ်ဖြင့် အပန်းဖြေစခန်းများနှင့် စားသောက်ဆိုင်များကို အဓိကထားပြီး စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုများ ပြုလုပ်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွင်း၌ အလယ်အလတ်တန်းစားနှင့် အဆင့်မြင့်အပန်းဖြေစခန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် Spa များကို စီမံခန့်ခွဲရာနှင့် အသစ်ထပ်မံ ဖော်ဆောင်ရာတွင် ဦးဆောင်လျက်ရှိပြီး ဖြစ်ပါသည်။

AMATA

HOLDING
PUBLIC CO., LTD.

ဆက်လက်ပြီး ကုမ္ပဏီ၏ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင်ဦးဆောင်နေသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့ကြီးအဖြစ် ဖော်ဆောင်သွားနိုင်ရန်ဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားများ မဖြစ်မနေသွားရောက်လည်ပတ်လေ့ရှိတဲ့ ငပလီ၊ ပုဂံ၊ အင်းလေး ဒေသများတွင်သာမက အခြား မြန်မာနိုင်ငံအတွင်း ခရီးသွားဖွံ့ဖြိုးမှု အလားအလာရှိတဲ့ နေရာဒေသ အများအပြားတွင်လည်း သင့်လျော်သော ဟိုတယ် အမျိုးအစား၊ အမှတ်တံဆိပ်များဖြင့် အရှိန်အဟုန်မြင့် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ရန်ဖြစ်ပါတယ်။

Amata အမှတ်တံဆိပ်၏ ပထမဆုံးသော အပန်းဖြေစခန်းအဖြစ် အမတအပန်းဖြေစခန်း (ငပလီကမ်းခြေ) ကို ၂၀၀၃ ခုနှစ် တွင် လုပ်ငန်းစတင် လည်ပတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် ၂၀၁၁ ခုနှစ်တွင် ဟိုတယ်အုပ်စုအနေဖြင့် တိုးချဲ့ခဲ့ပြီး My Bagan Residence သည် ပုဂံတွင်လုပ်ငန်း စတင်လည်ပတ်ခဲ့ပါသည်။

ကနဦး အပန်းဖြေစခန်းနှစ်ခုအပေါ်တွင် ရရှိထားသော မိမိတို့၏အောင်မြင်မှုကို အသုံးချလျက် "Amata Garden Resort (Inle Lake)" ကို ၂၀၁၃ ခုနှစ်တွင် အင်းလေးကန်၌ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး နောက် IFC(International Financial Corporation) ၏ ချေးငွေအစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ်တွင် တိုးချဲ့ အခန်း ၉၃ ခန်းပါ Amata Garden Resort, Inle Lake အား အင်းလေးကန်ဒေသ၌ ၎င်း၊ ၂၀၁၇ ခုနှစ်တွင် Amata Garden Resort(Bagan)အား ပုဂံ ၌ ဖွင့်လှစ်နိုင်ခဲ့ပြန်ပါသည်။ အုပ်စုအနေ ဖြင့် မိမိတို့၏ လုပ်ငန်း အမျိုးမျိုး ကို ချဲ့ထွင်၍ ပိုမို စုံလင်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ရာ "Oriental Ballooning" အမည်ဖြင့် " မိုးပျံပူဖောင်းစီးနင်းခြင်း" ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၃ခုနှစ်တွင် Myanmar Ballooning ကုမ္ပဏီမှတဆင့် လုပ်ကိုင်နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဧည့်သည်များသို့ စတင်ဝန်ဆောင်မှုပေးကာ ဖွင့်လှစ်ကြိုဆိုနိုင်ခဲ့သော “My Hpa An Residence by Amata" သည် ကျွန်ုပ်တို့၏ ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်း တွင် နောက်ဆုံးအနေဖြင့် ပါဝင်လာသော လုပ်ငန်းတစ်ခုဖြစ် လာခဲ့ပါသည်။

Amata Holding Public Co., Ltd.

Win Aung
Managing Director
Amata Holding Public Co., Ltd.

Amata Holding Public Co., Ltd
No. 10, Inya Yeikthar St, Mayangone
Township, Yangon, Myanmar
Tel : +95 9 899044077,899044088, 899044099
Mail : info@amataholding.com
Web : www.amatahotelgroup.com
Fax : +95 1 657690